# မြန်မာနိုင်ငံ[၁]

*၂၀၀၂ခုနှစ်မေလမှစ၍အဓိကဖြစ်ထွန်းမှုများ–* မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများဆက်လက်ထောင်နေဆဲဖြစ်သည်။ အနည်းဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ဖွဲ့ မိုင်းများအသုံးပြုနေဆဲဖြစ်သည်။ ယမန်နှစ်ကထက်စာလျှင် မွန်ပြည်သစ်ပါတီနှင့် ဟံသာဝတီပြန်လည်တည်ထောင်ရေးပါတီ အဖွဲ့နှစ်ဖွဲ့တိုးလာသည်။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဂျော်ဒီ–ဝီလီယံ(စ)နှင့် မြေမြှုပ်မိုင်းတားဆီးရေးအပြည်ပြည်ဆိုင်ရာလှုံ့ဆော်ရေးအဖွဲ့(ICBL)မှ ညှိနှိုင်းရေးမှူး လစ်–ဘာစတိန်းတို့ မြန်မာနိုင်ငံကို ၂၀၀၃ခုနှစ် ဖေဖေါ်ဝါရီလအတွင်း သွားရောက်လည်ပတ်ခဲ့သည်။

## မိုင်းဗုံးတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နယက)သည် မိုင်းဗုံးတားဆီးရေး သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းမရှိသေးပါ။ မိုင်းဗုံးတားဆီးရေးကိုဖေါ်ပြထားသည့် ၂၀၀၂ခုနှစ် နိုဝင်ဘာလ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၅၇/၇၄ ကိုမဲခွဲရာတွင် မြန်မာနိုင်ငံက မဲမပေးပဲနေခဲ့သည်။ မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏နှစ်ပတ်လည်အစည်းအဝေးများနှင့် ကြားကာလကျင်းပသော အမြဲတမ်းကော်မတီအစည်းအဝေးများသို့ နယက ကိုယ်စားလှယ်များ တက်ရောက်ခြင်းမရှိပေ။ ထိုင်းနိုင်ငံက ၂၀၀၂ခုနှစ် မေလ ၁၃–၁၅ ရက်များတွင်ကျင်းပခဲ့သည့် "အရှေ့တောင်အာရှဒေသအတွင်းမှမြေမြှုပ်မိုင်းများ"အမည်ရှိ နှီးနှောဖလှယ်ပွဲ မတက်ရောက်သောအာစီယံနှစ်နိုင်ငံအနက် မြန်မာမှာတနိုင်ငံအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်ကြားနေနိုင်ငံများအဖွဲ့ အဖွဲ့ဝင်နိုင်ငံတခုဖြစ်သည်။ မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြရန် ၂၀၀၃ ခုနှစ် ဖေဖေါ်ဝါရီလက ကွာလာလမ်ပူတွင်ကျင်းပသော ထိုအဖွဲ့အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအား မေတ္တာရပ်ခံခဲ့သည်။ မြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့မှ ၂၀၀၃ခုနှစ် ဇန်နဝါရီနှင့်ဖေဖေါ်ဝါရီလ များတွင်ပေးပို့သောမေးခွန်းများကို ဖြေဆိုနိုင်မည့်သူမရှိကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ဖေါ်ပြောဆိုသည်။[၂]

၂၀၀၃ခုနှစ် ဖေဖေါ်ဝါရီလ ၁၇ရက်နေ့တွင် ရန်ကုန်ရှိကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)က မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြဿနာနှီးနှောဖလှယ်ပွဲတခု စီစဉ်ကျင်းပခဲ့ရာ ဌာနေကုလသမဂ္ဂအေဂျင်စီငါးခုမှ ကိုယ်စားလှယ်များနှင့် NGO တသီးပုဂ္ဂလအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဂျော်ဒီ–ဝီလီယံ(စ)၊ မြေမြှုပ်မိုင်းတားဆီးရေး အပြည်ပြည်လှုံ့ဆော်ရေးအဖွဲ့(ICBL)မှ ညှိနှိုင်းဆောင်ရွက်ရေးမှူး လစ်–ဘာစတိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းသုတေသနမှူးများ မြေမြှုပ်မိုင်းပြဿနာဆွေးနွေးရန် ထိုနှီးနှောဖလှယ်ပွဲကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးတက်ရောက်မှုနှုန်းမှာ အလားတူအစည်းအဝေးမျိုးတွင်အမြင့်မားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ကပြောကြားရာ ထိုကိစ္စနှင့်ပတ်သက်၍ စိတ်ဝင်စားမှုပမာနမည်မျှအထိရှိကြောင်း ပြသရာရောက်သည်။ နိုင်ငံအတွင်းစိတ်ဝင်စားသောအဖွဲ့များနှင့်ပေါင်း၍ မိုင်းဗုံးတားဆီးရေးစတင်ဆောင်ရွက်ရန် ကုလသမဂ္ဂအေဂျင်စီများက စဉ်းစားလျက်ရှိသည်။[၃]

အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့–အရှေ့တော်အာရှရုံးခွဲမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြေမြှုပ်မိုင်းတားဆီးရေးနှိုးဆော်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖေါ်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ထိုအစီအစဉ်များတွင် အာဏာရစစ်အစိုးရ၊ အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အစိုးရထိမ်းချုပ်မှုမရှိသောလက်နက်ကိုင်အဖွဲ့များ ပါဝင်လာရန်ကျိုးပမ်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၁၉၉၉ခုနှစ်မှစ၍ မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာများကို မြန်မာဘာသာပြန်ဆို၍ နိုင်ငံအတွင်းနှင့် မြေမြှုပ်မိုင်းပြဿနာအများဆုံးဖြစ်နေသော နယ်စပ်ဒေသများတွင်ဖြန့်ဝေခဲ့သည်။ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က မိုင်းဗုံးတားဆီးရေးသဘောတူစာချုပ်နှင့် အခြားစာရွက်စာတမ်းများ မြန်မာဘာသာပြန်ဆိုကာ အထူးပညာပေး

---

[၁] လက်ရှိအစိုးရအာဏာကိုထိမ်းချုပ်ထားသော စစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burma မှ Myanmar မြန်မာအဖြစ်သို့ ပြောင်းလဲခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများက Burma ဟူသောအမည်ကို ဆက်လက်အသုံးပြုနေကြသေးသည်။ ဤအစီရင်ခံစာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒနှင့်အကောင်အထည်ဖေါ်မှုများအပိုင်းကို ရည်ညွှန်းရန်လိုအပ် သောအခါများတွင် Myanmar ဟူသောအမည်ကိုသုံး၍ အခြားကိစ္စများအတွက် Burma ဟူသောအမည်ကို အသုံးပြုသွားမည်။

[၂] မေးခွန်းများကို ပထမ ဖက်(စ) စာပို့စက်ဖြင့်ပေးပို့သည်။ ထို့နောက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနမှူးက နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိတဦးထံ လူကိုယ်တိုင်ပေးအပ်သည်။ ၂၀၀၃ခုနှစ် ဇန်နဝါရီနှင့်မတ်လအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အစည်းအဝေးကျင်းပရန် အကြိမ်ကြိမ်ကျိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

[၃] ရန်ကုန်ရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ဝန်ထမ်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ခုနှစ် အောက်တိုဘာနှင့်နိုဝင်ဘာလ။

စာတွဲများအဖြစ်ဖန်တီးပြီး မိုင်းအသုံးပြုမှုရပ်ဆိုင်းလာစေရေးရည်ရွယ်၍ အစိုးရထိမ်းချုပ်မှုမရှိသော လက်နက်ကိုင်အဖွဲ့များထံ ဖြန့်ဝေပေးခဲ့သည်။ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် "မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာ၏ရိုက်ခတ်မှုများ–၂၀၀၂ ခုနှစ်" အထူးအစီရင်ခံစာတစောင်ကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

## ထုတ်လုပ်မှု၊ လွှဲပြောင်းပေးမှုနှင့် သိုလှောင်ထားမှု

မြန်မာနိုင်ငံအနေဖြင့် အနည်းဆုံး MM1, MM2 နှင့် ကလေမိုးအမျိုးအစား လူကိုထိခိုက်စေသည့် မိုင်းသုံးမျိုးထုတ်လုပ်လျှက်ရှိသည်။[၄] အစီရင်ခံစာထုတ်ပြန်သည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများ တင်သွင်းခြင်းနှင့်တင်ပို့ခြင်း လုပ်ခဲ့ကြောင်း မှတ်တမ်းများမတွေ့ရပေ။ ကရင်ဗုဒ္ဓဘာသာတပ်မတော်(DKBA) တပ်ကြပ်တဦး အဆိုအရ DKBAထံ မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများအပါအဝင်လက်နက်များ အတိတ်ကာလကပေးအပ်ခဲ့ကြောင်းသိရသည်။[၅] လူကိုထိခိုက်စေသောမိုင်းများ မည်မျှသိုလှောင်ထားကြောင်းနှင့် အရေအတွက်မည်မျှရှိကြောင်း မြန်မာအစိုးရက ဘယ်သောအခါမှ ထုတ်ပြန်ကြေညာမည်မဟုတ်ပေ။ အယင်ကအစီရင်ခံခဲ့သကဲ့သို့ပင်၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ အစ္စရေး၊ အီတလီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားအတည်မပြုနိုင်သောနိုင်ငံများမှ မြေမြှုပ်မိုင်းများကို အသုံးပြုလျှက်ရှိသည်။[၆]

## အသုံးပြုမှု

ပြည်တွင်းစစ်တလျှောက်လုံးတွင် မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများအသုံးပြုခဲ့သည်။ ယခင်နှစ်များက ထုတ်ပြန်ခဲ့သောမြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာများတွင် မိုင်းအများဆုံးအသုံးပြုသောတပ်ဖွဲ့များနှင့် အများဆုံးအသုံးပြုသောနေရာများကို ဖေါ်ပြခဲ့ပြီးဖြစ်သည်။ ယခုအစီရင်ခံတင်ပြသည့်ကာလအတွင်း ကရင်ပြည်နယ်အတွင်း မိုင်းအများဆုံးထောင်ခဲ့သည်ကိုတွေ့ရသည်။ ကရင်ပြည်နယ် ဖါးအံခရိုင်အတွင်းရှိ နယက စစ်တပ်စခန်းများသို့ အလွယ်တကူသွားနိုင်သည့်လမ်းကြောင်းမှန်သမျှတွင် မိုင်းများထောင်ထားကြောင်းနှင့် တပ်စခန်းတိုင်း၏ မီတာ ၅၀ ပတ်လည်သည် မိုင်းအန္တရာယ်ရှိသောနယ်မြေများဖြစ်ကြောင်း ရွာသားများကပြောသည်။[၇] လူသွားလမ်းမှန်သမျှတွင် မိုင်းများထောင်ထားသဖြင့် ရွာသားများအနေဖြင့် ကားလမ်းများကိုသာအသုံးပြုကြရန် ကရင်နီပြည်နယ်၊ ရေသိုးကြီးရွာရှိရွာသားများကို ၂၀၀၂ခုနှစ် မတ်လ ၁၈ ရက်နေ့က သတိပေးပြောကြားခဲ့သည်။[၈]

မြန်မာနိုင်ငံရှိစိတ်ပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်ရေးအသင်း(TCFB)က ၎င်းတို့၏ဆေးခန်းနှင့် ကရင်ပြည်နယ်တောင်ပိုင်းရှိ ခြေတုလက်တုအလုပ်ရုံတခုကို နယက နှင့် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော် ပူးတွဲစစ်ကြောင်းတခုက ၂၀၀၂ခုနှစ် မေလ ၅ ရက်နေ့တွင် တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့ကြောင်းပြောသည်။ ထိုတိုက်ခိုက်မှုမှလွတ်မြောက်အောင်ထွက်ပြေးသော အနီးမှရွာသားတဦး မြေမြှုပ်မိုင်းနင်းမိပြီးဒဏ်ရာရရှိခဲ့သည်။ ထိုင်းနယ်စပ်ရှိ ဂျာမန်ဆေးခန်း(Malteser)သို့ မပို့ဆောင်မီ ထိုမိုင်းထိရွာသားအား TCFB ဆေးမှူးက ကုသမှုပေးခဲ့ရသည်။ ထိုစခန်းမှမဆုတ်ခွါမီ စခန်းနှင့်အနီးအနား တဝိုက်တွင် မိုင်း၅၀ခန့်ထောင်ခဲ့သဖြင့်၊ ထိုမိုင်းများကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ် တပ်ဦးမှ ဆေးမှူးတဦးအပါအဝင် အနည်းဆုံးနောက်ထပ်လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၉]

---

[၄] ပို၍အသေးစိတ်သိလိုပါက *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ခုနှစ်အစီရင်ခံ* နှင့် *၂၀၀၁ခုနှစ်အစီရင်ခံစာ* များတွင်ရှု၊ ကလေမိုးအမျိုးအစားမိုင်းကို မိုင်းနင်းမိသောသားကောင်က နင်းမိလျှင်ပေါက်ကွဲစေသောစနစ်ဖြင့် တွဲဖက်ကျင့်သုံးကြောင်းသိရသည်။ *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၁ခုနှစ်အစီရင်ခံစာ*၊ စာမျက်နှာ ၅၁၈–၅၁၉။

[၅] လူ့အခွင့်အရေးလုပ်သားတဦး DKBA နှင့်တွေ့ဆုံမေးမြန်းခန်း၊ မဲဆောက်မြို့၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ခုနှစ်မတ်လ ၂၁ရက်နေ့။ ၂၀၀၀ ခုနှစ်တွင် ထိုသို့လက်နက်ပေးအပ်မှုများ ရပ်ဆိုင်းခဲ့သည်။

[၆] ပို၍အသေးစိတ်သိရှိလိုပါက *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ်အစီရင်ခံ စာ*၊ စာမျက်နှာ ၆၂၅ နှင့် ယခင်နှစ်အစီရင်ခံစာများတွင်ရှု၊

[၇] ချူတီမာ့(စ) စော့ဆိုင်၊ "လုံခြုံရေးကင်းမဲ့ရခြင်းအကြောင်း သုတေသနပြုလေ့လာချက်၊ ဂိုခေးရွာ၊ ကရင်လွတ်မြောက်နယ်မြေ၊ မြန်မာနိုင်ငံ၊ ၂၀၀၂ခုနှစ်"၊ လက်နက်ငယ်ဆန်းစစ်လေ့လာချက်နှင့် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့တို့အတွက် ထိုသုတေသနပြုလေ့လာချက်ကို ၂၀၀၂ခုနှစ် နွောင်းပိုင်းတွင်ပြုလုပ်ခဲ့သည်။ တည်းဖြတ်ထားသောအစီရင်ခံစာကို ၂၀၀၃ခုနှစ်နှောင်းပိုင်းတွင် ထုတ်ဝေရန်ရှိသည်။

[၈] ထိုအမိန့်ကို တောင်ပိုင်းစစ်ဌာနချုပ်လက်အောက်ခံ နည်းဗျူဟာမှ ၂၀၀၂ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ ထိုအမိန့်မိတ္တူရရှိခဲ့ပြီး မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံပေးအပ်သည်။

[၉] *မြန်မာရှိ စိတ်ဖက်ဆိုင်ရာကူညီစောင့်ရှောက်ရေးအသင်း ၂၀၀၂ခုနှစ်အစီရင်ခံစာ*၊ ဒီဇင်ဘာ လ ၂၀၀၂ခုနှစ်။

စက်တင်ဘာလကုန် မိုးရာသီပြီးတိုင်း နစက များက မိုင်းအသစ်များထောင်လေ့ရှိသည်။[၁၀] ၂၀၀၁ခု နှစ်နောက်ပိုင်းတွင် နစက များ နောက်ထပ်မိုင်းထပ်မထောင်တော့ပေ။[၁၁]

### *အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များ*

မြန်မာနိုင်ငံနယ်နမိတ်အတွင်းပိုင်း၌ လှုပ်ရှားနေသော လက်နက်ကိုင်နိုင်ငံရေးအဖွဲ့အစည်း အများအပြားရှိသည်။ အနည်းဆုံး တိုင်းရင်းသားနှင့် လက်နက်ကိုင်အဖွဲ့ ၁၅ခု မကြာသေးမီကာလအထိ လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုခဲ့သည်ဟုယုံကြည်ရသည်။ ထိုအဖွဲ့များမှာ– ပအို့ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူဆလင်များသမဂ္ဂ၊ ဝအမျိုးသားတပ်မတော်၊ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့၊ ချင်းအမျိုးသားတပ်မတော်၊ ရှမ်းပြည်တပ်မတော်၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်၊ ကရင်နီတပ်မတော်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ ပြည်သူ့ကာကွယ်ရေးတပ်၊ မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦးတို့ပါဝင်သည်။ ထို့အပြင် ယခင်က မိုင်းများသိုလှောင်ထားသည်ဟုသာသိရှိရပြီး ၂၀၀၂ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မိုင်းပြန်လည်အသုံးပြုလာသောအဖွဲ့နှစ်ခုမှာ မွန်ပြည်သစ်ပါတီ(NMSP)နှင့် မွန်ပြည်သစ်ပါတီမှ ခွဲထွက်လာသော ဟံသာဝတီပြန်လည်တည်ဆောက်ရေးပါတီတို့ဖြစ်သည်။[၁၂]

ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့အနေဖြင့် ၎င်းတို့လှုပ်ရှားရာ မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်တွင် ၂၀၀၂ခုနှစ်နှောင်းပိုင်းမှစ၍ မိုင်းစတင်ထောင်ခဲ့ကြောင်းသိရှိရသည်။ ကရင်အမျိုးသာလွတ်မြောက်ရေးတပ်မတော်(KNLA) အနေဖြင့် ကရင်ပြည်နယ်၊ ဖါးအံခရိုင်အတွင်း နယ်မြေနှစ်ခုတွင် မိုင်းထူထပ်စွာချထားဆဲဟု ယုံကြည်ရသည်။ (သိန်းနှင့်ချီရှိသော) ပြည်တွင်း၌အိုးမဲ့အိမ်မဲ့ဖြစ်နေရသောဒုက္ခသည်များအား မြန်မာစစ်တပ်တိုက်ခိုက်ခြင်းမှကာကွယ်ရန်အတွက် မိုင်းများလိုအပ်သည်ဟု KNLA ကပြောသည်။[၁၃]

လက်နက်ကိုင်အဖွဲ့အများအပြား ပေါက်ကွဲမိုင်းနှင့်ဖြာထွက်မိုင်း သို့မဟုတ် တက်နင်းမိလျှင်ပေါက်ကွဲစေနိုင်သောကရိယာများထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ရသည်။ DKBA အနေဖြင့် ယခုအခါ ကလေမိုးအမျိုးအစား ရှေ့ထွက်ဖြာထွက်မိုင်း(Claymore-type directional fragmentation mine) များထုတ်လုပ်လျက်ရှိသည်။[၁၄] အဖွဲ့အများစုက ၎င်းတို့ထံတွင် လူကိုထိခိုက်စေသောမိုင်းများ သိုလှောင်ထားရှိကြောင်း ဝန်ခံပြောကြားသည်။ သို့သော်မည်သည့်အဖွဲ့ကမျှ အရေအတွက်အသေးစိတ်ကို ထုတ်ပြန်ခြင်းမရှိပေ။ အစိုးရထိမ်းချုပ်မှုမရှိသောလက်နက်ကိုင်အဖွဲ့များရှိ မိုင်းများသည် နယက စစ်တပ်က ထောင်ထားသောမိုင်းများကို ပြန်လည်ဖေါ်ထုတ်ရာမှရရှိသော သို့မဟုတ် စစ်ဆင်ရေးကာလအတွင်း သိမ်းဆည်းရမိသော မိုင်းများဖြစ်သည်။ ထိုအဖွဲ့များက ထိုမိုင်းများကိုပြန်လည်အသုံးပြုလေ့ရှိသည်။[၁၅]

ယခင်ကမိုင်းများအသုံးပြုခဲ့သောအဖွဲ့တခုဖြစ်သည့် ကရင်နီအမျိုးသာတိုးတက် ရေးပါတီ(KNPP) က နယကနှင့် တွေ့ဆုံစကားပြောရန် ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် သဘောတူညီခဲ့သည်။ ကရင်နီပြည်နယ်တွင် မြန်မာစစ်တပ်က မိုင်းထောင်ခြင်းရပ်ဆိုင်းရန်အပါအဝင် တောင်းဆိုချက် ၉ ချက်ကို ဆွေးနွေးပွဲ၌ KNPP အဖွဲ့ကတင်ပြခဲ့သည်။ သို့သော် ဆွေးနွေးပွဲများ သဘောတူညီချက်တစုံတရာမရရှိပဲ အဆုံးသတ်ခဲ့သည်။[၁၆]

## မြေမြှုပ်မိုင်းပြဿနာ

မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်း ၁၄ခုရှိသည့်အနက်ကိုးခုမှာ မိုင်းရှိနယ်မြေများဖြစ်။ ထိုအထဲတွင် မြန်မာနိုင်ငံအရှေ့ခြမ်းဒေသတွင် ပို၍မိုင်းထူထပ်သည်။[၁၇] သူပုန်အဖွဲ့များမြန်မာနိုင်ငံအလယ်ပိုင်းသို့ ဝင်လာခြင်းမှတားဆီးရန်ရည်ရွယ်၍

---

[၁၀] ပိုမိုအသေးစိတ်သိလိုပါက *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၁ခုနှစ် အစီရင်ခံ စာ*၊ စာမျက်နှာ ၄၃၃ တွင်ရှု၊

[၁၁] နယ်စပ်တလျှောက်တွင် နေထိုင်သူများနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်၊ နှင့် BDR နိုင်ကွန်ချရီနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်။

[၁၂] တိုင်းရင်းသားနှင့် လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ မဲဆောက်၊ မယ်စရင်းယန်း၊ မယ်ဟောင်ဆောင်၊ ကန်ချနဘူရီ၊ စံခလဘူရီ၊ ထိုင်းနိုင်ငံ ၂၀၀၁–၂၀၀၃။

[၁၃] ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ နို ဝင်ဘာလ ၂၈ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၁၄] ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ လက်ခံရရှိသော ဓါတ်ပုံအထောက်အထားများ၊ မတ်လ ၃၁ရက်နေ့၊ ၂၀၀၃ခုနှစ်။

[၁၅] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က လက်ခံရရှိသောဓါတ်ပုံအထောက်အထားများ၊ ၂၀၀၂–၂၀၀၃ ခုနှစ်။

[၁၆] အောင်ဆုရှင်၊ "ကရင်နီသူပုန်များစစ်အစိုးရနှင့်စကားပြောခြင်း"၊ ဧရာဝတီမဂ္ဂဇင်း၊ မြန်မာ နိုင်ငံ၊ နိုဝင်ဘာလ ၄ရက်၊ ၂၀၀၂ခုနှစ်၊ www.irrawaddy.org

[၁၇] ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များ၊ ပဲခူးနှင့် တနင်္သာရီ တိုင်း။

ပဲခူးတိုင်းအရှေ့ခြမ်းဒေသတွင် မိုင်းများထူထပ်စွာချထားသည်။[၁၈] ရွှေကျင်နှင့်ကျောက်ကြီးအကြား အရှေ့ခြမ်းဒေသတွင်လည်း မိုင်းများထူထပ်စွာချထားသည်။[၁၉]

ထိုင်းမြန်မာနယ်စပ်မှ ဒေါနတောင်တန်းတွင်လည်း မိုင်းထူထပ်စွာချထားကြောင်းသိရသည်။[၂၀] ယခင်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ခံစစ်စည်းအဖြစ် အသုံးပြုခဲ့သောနေရာများတွင် မိုင်းများထူထပ်စွာချထားသဖြင့် လူမသွားရနယ်မြေအဖြစ် သတ်မှတ်ထားသည်မှာ ဆယ်စုနှစ်တခုကျော်ရှိနေပြီဖြစ်သည်။[၂၁] ဖါးအံ၏မြောက်ဖက်၊ အရှေ့ဖက်နှင့်တောင်ဖက်ဒေသများနှင့် မြဝတီ၏အနောက်ဖက်၊ တောင်ဖက်နှင့်မြောက်ဖက်ဒေသများတွင် မိုင်းများထူထပ်စွာချထားသည်။[၂၂] ထိုင်းနယ်စပ်အနီးမှ ကရင်ပြည်နယ်၊ ဒူးပလာခရိုင်တွင်လည်း မြေမြှုပ်မိုင်းများရှိသည်။[၂၃]

သောင်းကျန်းသူဆန့်ကျင်ရေးစစ်ဆင်ရေးကာလအတွင်း ရွှေ့ပြောင်းခံခဲ့ရသောရွာသားများ ရွာပြန်မလာအောင်တားဆီးသည့်အနေဖြင့် အရပ်သားများကျင်လည်ကျက်စား ရာနေရာများတွင်ပင် မြန်မာစစ်တပ်ကမိုင်းများထောင်ထားသည်ဟုသိရှိရသည်။[၂၄] အသက်ရှင်နေသောမိုင်းဝေဒနာရှင်များနှင့်တွေ့ဆုံမေးမြန်းချက်များအရ မိုင်းဒဏ်ခံရသူ ၁၄ရာနှုန်းခန့်မှာ ရွာမှကီလိုမီတာဝက်အကွာအဝေးတွင် ထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်ကြောင်းသိရသည်။ ၆၃ ရာနှုန်းခန့်မှာ ယခင်က သွားလာနေကြနေရာများကို ဖြတ်သန်းသွားစဉ် မိုင်းနင်းမိခြင်းဖြစ်သည်။[၂၅]

မွန်အဖွဲ့အစည်းနှစ်ခု အချင်းချင်းတိုက်ခိုက်မှုဖြစ်ပွါးခြင်း၏ နောက်ဆက်တွဲအနေဖြင့် မွန်ပြည်နယ်အတွင်း မိုင်းထောင်မှုများရှိလာသည်။ ထိုင်းမြန်မာနယ်စပ်အနီးမှ ဟလော့ခနီဒုက္ခသည်စခန်း အနီးပတ်ဝန်းကျင်တွင် မိုင်းများထောင်ထားသည်။[၂၆]

ရှမ်းပြည်မြောက်ပိုင်း စစ်ရေးလှုပ်ရှားမှုများအန္တရယ်မှ လွတ်မြောက်အောင်ထွက်ပြေးလာကြသော လူ ၃၀၀ ခန့် နယ်စပ်တွင်မိုင်းများထောင်ထားသည်ဟုကြားသိရသဖြင့် နယ်စပ်ကျော်ဖြတ်ရန်တုံ့ဆိုင်းနေကြသည်။ ထွက်ပြေးလာသောဒုက္ခသည်များကို စောင့်ကြည့်အကူအညီပေးနေသော ကယ်ဆယ်ရေးအဖွဲ့တခုအဆိုအရ ထိုမိုင်းများကြောင့် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းရန်ထွက်ပြေးလာသူသုံးဦး မိုင်းထိဒဏ်ရာရခဲ့ကြောင်းသိရသည်။[၂၇]

ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ် နယ်မြေခပ်များများတွင် မိုင်းများထောင်ထားပြီးဖြစ်သည်။ (မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ယခင်အစီရင်ခံစားများတွင်ရှု)။ ထိုမိုင်းများဖယ်ရှားရန် ဘင်္ဂလားဒေ့ရှ်အစိုးရမှ သံတမန်ရေးအရ ဖိအားပေးနေသည့်ကြားမှ ထိုမိုင်းများနင်းမိပြီး မိုင်းထိဝေဒနာရှင်များ နေ့စဉ်နှင့်အမျှတိုးပွါးနေသည်။ အိန္ဒိယမြန်မာနယ်စပ်တချို့နေရာများတွင်လည်း မိုင်းများထောင်ထားသည်။

---

[၁၈] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဌ ဦးတင်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးစုံစမ်းစစ်ဆေးသူ ပီနဲရိုးထံတင်သွင်းသောအစီရင်ခံစာ၊ ရန်ကုန်၊ ၂၀၀၂ခုနှစ် နိုဝင်ဘာလ ၁၅ရက်။

[၁၉] "ဖါပွန်နှင့် ညောင်လေးပင်ခရိုင်၊ နယက ၏ ခြောက်သွေ့ရာသီစစ်ဆင်ရေးများ"၊ ကရင်လူ့အခွင့်အရေးအဖွဲ့ ထုတ်ပြန်ကြေညာချက်၊ ဧပြီလ ၅ ရက်နေ့၊ ၂၀၀၂ခုနှစ်။ စာမျက်နှာ ၁–၃၊ www.khrg.org တွင်ဖတ်ရှုနိုင်သည်။

[၂၀] DKBA တပ်မှူးဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုဝင်ဘာလ ၂၀၀၁ခုနှစ်၊ အပြည်ပြည် ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းပြသနာများ–၂၀၀၂ခုနှစ်" အစီရင်ခံစာတွင်ရှု။

[၂၁] ABSDF တပ်မှူးဟောင်းတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၂ ရက်နေ့၊ ၂၀၀၂ခုနှစ်၊ ထိုတောင်တန်းများကို တော်လှန်ရေးပျောက်ကျားစစ်သားများက ခံစစ်စည်းအဖြစ်အသုံးပြုခဲ့ပြီး၊ ထိုနေရာများကို မြန်မာစစ်တပ်က အသုံးမပြုနိုင်အောင်လုပ်ဆောင်သောစီမံချက်တခုအဖြစ် မိုင်းများထောင်ထားခြင်းဖြစ်ကြောင်း ထိုတပ်မှူးဟောင်းက ပြောပြသည်။

[၂၂] ထိမ်းချုပ်ခြင်းနှင့် ဆက်လက်တည်ရှိခြင်း၊ ဖါးအံခရိုင်ရောက် နယကနှင့် DKBA တပ်များ၊ ကရင်လူ့အခွင့်အရေးအဖွဲ့ သတင်းစာစောင်၊ စက်တင်ဘာလ ၇ ရက်၊ ၂၀၀၂ခုနှစ်၊ နှင့် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့မှထုတ်ပြန်သော "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများပြသနာ"၊ စက်တင်ဘာလ ၂၀၀၂ခုနှစ်။ ထိုအချက်အလက်များမှာ ၁၉၉၉–၂၀၀၂ ခုနှစ်အတွင်းပြုလုပ်ခဲ့သော မြန်မာနိုင်ငံမှ မိုင်းဝေဒနာရှင် ၁၉၂ ဦးနှင့်တွေ့ဆုံမေးမြန်းခြင်းအပေါ်အခြေခံထားခြင်းဖြစ်သည်။

[၂၃] "သံလျက်စစ်ဆင်ရေး၊ ဒူးပလာခရိုင်အတွင်းမှ အတင်းအဓမ္မရွှေ့ပြောင်းများ၊ အုပ်စုလိုက် သတ်ဖြတ်မှုများ၊ ပေါ်တာဆွဲခြင်းများ"၊ ကရင်လူ့အခွင့်အရေးအဖွဲ့ သတင်းစာစောင်၊ စက်တင်ဘာလ ၂၅ ရက်နေ့၊ ၂၀၀၂ခုနှစ်။

[၂၄] ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ဖါပွန်နှင့်ညောင်လေးပင်ခရိုင်၊ နယက၏ ခြောက်သွေ့ရာသီစစ် ဆင်ရေးများ၊ ဧပြီလ၅ရက်နေ့၊ ၂၀၀၂ခုနှစ်၊ စာမျက်နှာ ၁–၃။

[၂၅] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှု၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းပြသနာ–၂၀၀၂ ခု နှစ်"၊ ဘန်ကောက်၊ စက်တင်ဘာလ ၂၀၀၂ ခုနှစ်။

[၂၆] ထိုင်းနိုင်ငံရောက် အိမ်မဲ့ယာမဲ့ပြည်သူများအားကူညီပေးနေသောအဖွဲ့ (CCSDPT) အစည်း အဝေးသို့ မြန်မာနိုင်ငံနယ်စပ်အကူအညီပေးရေးအဖွဲ့(BBC) မှဝန်ထမ်းတဦး၏ အစီရင်ခံတင်ပြချက်၊ ဘန်ကောက်၊ ဩဂုတ်လ ၁၄ရက်နေ့၊ ၂၀၀၂ခုနှစ်။

[၂၇] CCSDPT အစည်းအဝေးတခုတွင် နှုတ်ဖြင့်တင်ပြချက်၊ ဘန်ကောက်၊ ဇူလိုင်လ ၁၀ရက်၊ ၂၀၀၂ ခုနှစ်။

အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထောင်ထားသောမိုင်းများကြောင့် ရန်သူများသာမက ၎င်းတို့၏ တပ်ဖွဲ့များ၊ အရပ်သားများနှင့် တိရစ္ဆာန်များလည်း ထိခိုက်ဒဏ်ရာရရှိကြသည်။ အသက်ရှင်နေဆဲ မိုင်းဝေဒနာရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ KNLA မှမိုင်းထိခိုက်ဒဏ်ရာရမှု ၄၀ ရာနှုန်းကျော်မှာ ၎င်းတို့ထောင်ထားသောမိုင်းများကြောင့် ဖြစ်ကြောင်းသိရသည်။ မိုင်းထောင်စဉ်နှင့်မိုင်းဖြုတ်စဉ်၊ သို့မဟုတ် မိမိတို့ထောင်ထားသော မိုင်းပေါ်တက်နင်းမိစဉ် မိုင်းထိခိုက်မှုဖြစ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုင်းထောင်ထားသောနယ်မြေများကို စနစ်တကျမှတ်တမ်းတင် ပြုစုထားခြင်းမရှိပေ။ တချို့နေရာများတွင် မထင်မရှားမိုင်းအန္တရာယ်အချက်ပြသင်္ကေတများတွေ့ရတတ်သည်။ စစ်သားများက ၎င်းတို့မိုင်းထောင်ထားကြောင်းကို ရွာသားများအားနှုတ်သတိပေးချက် ပြုလုပ်လေ့ရှိသည်ဆိုသော်လည်း၊ လွန်ခဲ့သောသုံးနှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာအ ကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ကပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းချက်များအရ မည့်သည့်ရွာသားကမျှ ထိုနှုတ်သတိပေးချက်ကိုသိရှိကြောင်း မဖော်ပြပေ။[၂၈]

ကရင်နီပြည်နယ်အတွင်းပိုင်းရှိ လောပိတရေအားလျှပ်စစ်စက်ရုံအား သူပုန်များတိုက်ခိုက်ခြင်းမှကာကွယ်ရန်အတွက် ထိုနေရာပတ်ဝန်းကျင်တဝိုက်တွင် မိုင်းများထောင်ထားသည်။ ကရင်နီပြည်နယ်အလယ်ပိုင်းတွင်ပင်ရှိသော ရတနာအမည်ရှိတောင်တန်းတွင် မြန်မာအစိုးရနှင့်သူပုန်များက ရတနာသတ္တုတူးဖော်ရေးလုပ်ကိုင်နေသဖြင့် ထိုသတ္တုတွင်း များကိုကာကွယ်ရန် နှစ်ဖက်စလုံးကအပြန်အလှန်မိုင်းများထောင်ထားကြသည်။ ကျွဲနွားကုန်သည်များ ထိုနေရာကိုဖြတ်သွားစဉ် မိုင်းနင်းမိပြီး ၎င်းတို့၏ကျွဲနွားများ ဆုံးရှုံးရဘူးသဖြင့် အခုအခါထိုနေရာများကိုရှောင်သွားကြသည်။[၂၉]

မီးရှို့ဖျက်ဆီးခြင်းနှင့် မိုင်းအထောင်ခံရခြင်းများရင်ဆိုင်ရပြီးနောက် ဖါးအံခရိုင်အတွင်းမှကရင်ရွာသားများ သုံးကြိမ်တိုင်တိုင် ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီးဖြစ်သည်။[၃၀] ထိုဒေသအတွင်းမှရွာသားများအနေဖြင့် မိုင်းခြောက်မျိုးကိုသိရှိထားကြသည်။ မိုင်းရှိနယ်မြေများအကြောင်း တွေ့ဆုံမေးမြန်းမှုခံရန်လာရောက်စုရုံးကြသော အမျိုးသားကျေးရွာခေါင်း ၃၀ အ နက်ငါးဦးသာ မိုင်းအန္တရာယ်ရှိသောနယ်မြေများကို သိရှိကြသည်။ ရွာသားများအနေဖြင့် တိရစ္ဆာန်အစာရှာရန်နှင့်ထွန်ယက်စိုက်ပျိုးရေးလုပ်ရာတွင် မိုင်းနယ်မြေများအပေါ် ဖြတ်လျှောက်ဘူးသည်။[၃၁] သောင်းကျန်းသူများလာရောက်တိုက် ခိုက်မည့် အန္တရာယ်မှကာကွယ်ရန် မော်တော်ကားလမ်းများမှအပအခြားလမ်းကြောင်းများတွင် မိုင်းထောင်ထားကြောင်း ၂၀၀၂ခုနှစ် မတ်လ အလယ်ပိုင်းလောက်က ရွာသားများကိုသတိပေးပြောကြားဘူးသည်။[၃၂]

## မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်ပညာပေးမှု

လူသားချင်းစာနာမှုအခြေခံအရ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခြင်းမျိုး မြန်မာနိုင်ငံ၌မတွေ့ရပေ။ ကရင်ပြည်နယ်အတွင်းရွာသားများက သတ္တုထည်ပစ္စည်းနှင့် ထွန်ချစ်ကိုသုံး၍ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခဲ့ဘူးသည်။[၃၃] သူပုန်အဖွဲ့တချို့တွင် မိုင်းအချက်ပြကရိယာများရှိကြသည်။[၃၄]

သာမန်ပြည်သူများအတွက် မိုင်းအန္တရာယ်ပညာပေးမှုမျိုး မြန်မာနိုင်ငံတွင်ရှားပါးလှသည်။ ၂၀၀၁ခုနှစ် ဇွန်လမှစ၍ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က ထိုင်းနိုင်ငံ နယ်စပ်ရှိဒုက္ခသည်စခန်းသုံးခုတွင် မိုင်းအန္တရာယ်ပညာပေးမှုများ လုပ်ဆောင်ခဲ့သည်။ ပညာပေးခံရသူများမှာ ထိုင်းနိုင်ငံရောက်ဒုက္ခသည်များဖြစ်ကြသည်။ ၂၀၀၃ခုနှစ် ဇန်နဝါရီလအ တွင်းက နယ်စပ်ကျော်ဖြတ်ဆေးဝါးကုသမှုပေးနေသောဆေးမှူးများအတွက် ပြုလုပ်ပေးသော မိုင်းပညာပေးမှုအစီအစဉ်တရပ်ကို

---

[၂၈] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှု၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းပြဿနာ–၂၀၀၂ခု နှစ်"၊ ဘန်ကောက်၊ စက်တင်ဘာလ ၂၀၀၂ခုနှစ်။

[၂၉] ကရင်နီပြည်နယ်သားများနှင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်း ခြင်း၊ နိုဝင်ဘာလ ၁၃ရက်၊ ၂၀၀၂ခုနှစ်။

[၃၀] ချာတီမာ ဆွတ်ဆိုင်၊ " လုံခြုံမှုကင်းမဲ့ရခြင်းနှင့်ပတ်သက်၍သုတေသနပြုလေ့လာချက်၊ ဂိုခေးရွာ၊ ကရင်လွတ်မြောက်နယ်မြေ၊ မြန်မာနိုင်ငံ၊ ၂၀၀၂ ခုနှစ်"။

[၃၁] အထက်ပါအစီရင်ခံစာ။

[၃၂] ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံပေးပို့သော အီးမေး၊ မတ်လ ၃၁ရက်နေ့၊ ၂၀၀၃ခုနှစ်။ မြန်မာဘာသာဖြင့်ရေးသားထားသော အဆိုပါသတိပေးစာတွင် မတ်လ၁၈ရက် ၂၀၀၂ခုနှစ်မှစ၍ ညနေခြောက်နာရီနောက်ပိုင်း လူသွားလမ်းများကို မိုင်းများထောင်ကာပိတ်ဆို့ထားကြောင်း ဖော်ပြထားသည်။

[၃၃] ထိုင်းနိုင်ငံမဲဆောက်ရှိ မယ်တော်ဆေးခန်း၌ ခြေတုလက်တုတပ်ဆင်ပေးနေသူတဦးက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးအပ်သော ဓါတ်ပုံမှတ်တမ်းအထောက်အထားများ၊ နိုဝင်ဘာ လ ၂၈ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၃၄] အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအသုံးပြုသည်ဟုဖော်ပြထားသော ရက်စွဲဖော်ပြမထားသော ဓါတ်ပုံမှတ်တမ်းအထောက်အထားများ၊ ထိုအဖွဲ့များအနေဖြင့် အီလက်ထရွန်းနစ် မိုင်းအချက်ပြကရိယာများကိုသုံး၍ မိုင်းရှင်းလင်ရေးလုပ်ဆောင်ကြသည်။

အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ ကကူညီပေးခဲ့သည်။[၃၅] ဩစတြေးလျအစိုးရအကူအညီဖြင့် မိုင်းပညာပေးအစီအစဉ် တရပ်ကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မိုင်းပညာရှင်များအဖွဲ့က ၂၀၀၃ခုနှစ် ဇွန်လအတွင်း ပြုလုပ်ပေးခဲ့သည်ဟုဆိုသည်။[၃၆]

မိုင်းထောင်ထားဖွယ်ရှိသောနယ်မြေနှင့် အန္တရာယ်ရှိသောနယ်မြေများအကြောင်း ရွာသားများအနေဖြင့် စစ်တပ်အတွက် ပေါ်တာလိုက်ပါဘူးသူများထံမှ တဆင့်ပြန်လည်သိရှိရကြောင်းရွာသားများကပြောသည်။[၃၇] တောင်ငူခရိုင်အတွင်းမှ နယ်မြေတခုတွင် နယက က မိုင်းထောင်ထားရာ ထိုမိုင်းနယ်မြေအနီး လက်ရေးသတိပေးချက်တခု စိုက်ထူထားသည်။[၃၈]

## *လူမဆန်ရက်စက်သောမိုင်းရှင်းနည်း*

မိုင်းထောင်ထားသည်ဟု သံသယရှိသောနယ်မြေများတွင် နယက တပ်များသည် ပြည်သူများအား မိုင်းရှင်းကရိယာအနေဖြင့်အသုံးပြုရန် ပေါ်တာများအဖြစ်အဓမ္မစေခိုင်းကာ စစ်ကြောင်းရှေ့မှလျှောက်ခိုင်းကြောင်း စွပ်စွဲချက်များရှိသည်။[၃၉] မိုင်းထောင်ထားခြင်းရှိ မရှိသိနိုင်ရန် မြေကြီးပေါ်တွင်ဖြစ်နေသော ရေခွက်ကလေးများကို လက်ဖြင့်စမ်းသပ်စစ်ဆေးရန်အတွက် နေ့စဉ်မနက်တိုင်း လူနှစ်ဦးပေးပို့ရကြောင်း ကရင်ပြည်နယ်မြောက်ပိုင်းမှ ရွာသားများက ၂၀၀၂ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်ဖော်ပြောဆိုသည်။ မြန်မာစစ်တပ်က ကရိယာများအစားရွာသားများကို မိုင်းရှင်းရန်အတွက် အသုံးပြုခြင်းမှာ လူအသေအပျောက်ဖြစ်ကြောင်းသိရှိပါက သူပုန်များအနေဖြင့်မိုင်းထောင်ခြင်းရပ်ဆိုင်းမည်ဟု ယုံကြည်၍ဖြစ်ကြောင်း ရွာသားများကပြောသည်။ ၂၀၀၂ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း ထိုနယ်မြေအတွင်းတွင်ပင် မိုင်းများရှိပါက ပေါက်ကွဲသွားစေရန်ရည်ရွယ်ချက်ဖြင့် စစ်တပ်က ရွာသားများကို စည်ပိုင်းများဖြင့် လမ်းတလျှောက် နေ့စဉ်ခြောက်မိုင်မှရှစ်မိုင်အထိ လှိမ့်စေကြောင်းသိရသည်။[၄၀]

နယက စစ်တပ်မှ ကရင်ပြည်နယ်စစ်ဆင်ရေးအတွင်း ပေါ်တာအဖြစ်အသုံးပြုရန်အတွက် မန္တလေး၊ ပြည်၊ အင်းစိန်၊ တောင်ငူနှင့် အခြားအကျဉ်းထောင်ငါးခုမှ အကျဉ်းသား ၃၀၀ ကို ၂၀၀၂ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင်ပေးပို့ခဲ့သည်။ ထိုအထဲမှ ၇၅ ယောက် သာအသက်ရှင်လျက် အကျဉ်းထောင်တွေထဲပြန်ရောက်လာသည်။ ၁၅၀ သေဆုံးပြီး၊ ၅၀ မှာ ဒဏ်ရာကြောင့်ဆေးရုံတင်ရသည်။ ကျန်သူများမှာ ထွက်ပြေးလွတ်မြောက်သွားကြသည်။ သေဆုံးသူများထဲတွင် စစ်မြေပြင်မိုင်းရှင်းကရိယာအဖြစ်အသုံးပြုခံရပြီးမှ ငှက်ဖျားမိ၍သေဆုံးသူများလည်းပါဝင်သည်။[၄၁]

## မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရမှုများ

၂၀၀၂ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရမှု အနည်းဆုံး ၁၁၄ ခု ထပ်မံဖြစ်ပွါးကြောင်း သိရသည်။ လွန်ခဲ့သောငါးနှစ်နှင့်ခြောက်နှစ်အတွင်း မိုင်းထိခိုက်မှုများလာကြောင်း ခန့်မှန်းရသော်လည်း မြန်မာနိုင်ငံတွင် မိုင်းထိဝေဒနာရှင်မည်မျှရှိကြောင်း မသိရှိရပေ။ ၂၀၀၁ခုနှစ်အတွင်း မိုင်းထိခိုက်ဒဏ်ရာရရှိမှု ၅၇ခုရှိကြောင်းသိရသည်။ စနစ်တကျမှတ်တမ်းပြုစုမှုပြုလုပ်ရန် ခက်ခဲနေဆဲဖြစ်သည်။ အထူးသဖြင့် မိုင်းထိမှန်ဒဏ်ရာရသူများထက် သေဆုံးသူများစာရင်းသိရှိရန်မှာ အလွန်ပင်ခက်ခဲသည်။[၄၂] ၂၀၀၂ခုနှစ်အတွင်း ရရှိသောအစီရင်ခံချက်များအရ မိုင်းဒဏ်ရာကြောင့်သေဆုံးမှုနှင့် ပတ်သက်၍ စစ်တပ်အရာရှိတဦးသာရှိကြောင်းသိရသည်။

---

[၃၅] မိုင်းကွင်းများရှောင်သွားတတ်အောင်နှင့် မိုင်းဝေဒနာရှင်များကယ်ဆယ်ရေးနည်းစနစ်များကို ကျောပိုးအိတ်ဆေးဝန်ထမ်းများအဖွဲ့မှဆေးမှူးများကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က လေ့ကျင့်သင်တန်းပေးခဲ့သည်။ ထိုသင်တန်းကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ၂၀၀၃ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

[၃၆] မိုင်းပညာရှင်များအဖွဲ့၊ ပေါ်လစီရေးရာညွှန်ကြားရေးမှူး တင်ကာစတား(စ) ထံမှပေးပို့သော အီးမေး၊ ဇူလိုင်လ ၁ရက်နေ့၊ ၂၀၀၃ ခုနှစ်။

[၃၇] ချာတီမာ ဆွတ်ဆိုင်၊ " လုံခြုံမှုကင်းမဲ့ရခြင်းနှင့်ပတ်သက်၍ သုတေသနပြုလေ့လာချက်၊ ဂိုဓေးရွာ၊ ကရင်လွတ်မြောက်နယ်မြေ၊ မြန် မာနိုင်ငံ၊ ၂၀၀၂ ခုနှစ်"။

[၃၈] ကရင်လူ့အခွင့်အရေးအဖွဲ့မှ အဖွဲ့ဝင်တဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ နို ဝင်ဘာလ ၂၈ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၃၉] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ် အစီရင်ခံစာ* တွင်ရှု၊ စာမျက်နှာ ၆၃၀။

[၄၀] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ Earthrights International အဖွဲ့မှပေးပို့သော တွေ့ဆုံမေးမြန်းမှုမှတ်တမ်း၊ ဇွန်လ ၂၆ ရက်၊ ၂၀၀၃ခုနှစ်။

[၄၁] ပေါ်တာလိုက်ဘူးသူများနှင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်နှင့်နယ်စပ်ဒေသများ၊ စက်တင်ဘာလ ၂၀၀၂ခုနှစ်။

[၄၂] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ်အစီရင်ခံစာ* တွင်ရှု၊ စာမျက်နှာ ၆၃၀ –၆၃၁။

၂၀၀၂ခုနှစ်အတွင်း မိုင်းထိခိုက်ဒဏ်ရာရသူ ၄၇ဦးကို နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က ဆေးဝါးကုသမှုပေးခြင်း သို့မဟုတ် တခြားဆေးရုံများတွင်ကုသမှုခံယူရန် လွှဲပြောင်းပေးခြင်းလုပ်ခဲ့သည်။[63] ၂၀၀၂ခုနှစ်အတွင်း မိုင်းဝေဒနာရှင် ၅၄ဦး ထိုင်းနိုင်ငံ၊ မဲဆောက်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။[64] ထိုင်းနိုင်ငံ တာ့ဆောင်ယန်းခရိုင်တဖက်ခြမ်းရှိ၊ ကရင် ပြည်နယ် မဲအိုပေါ်လူးတွင် မိုင်းထိခိုက်ဒဏ်ရာရမှု သုံးခုရှိခဲ့ကြောင်းသိရသည်။ ဒေသအတွင်းမိုင်းရှိကြောင်း သတိပေးသည့်အနေဖြင့် ရွာအနီးရှိသစ်ပင်များတွင် မိုင်းများချိတ်ဆွဲထားလေ့ရှိသည်။[65] ၂၀၀၂ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း ဖါးအံခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း နယက စစ်တပ်မှထောင်ထားသောမိုင်းများကြောင့် ရွာသားလေးဦးဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ခဲ့သည်။[66] ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်အနီးရှိ နပ်မြစ်အနီး မောင်းတောမြို့မြောက်ဘက်ခြမ်းဒေသတွင် မိုင်းရှိမရှိစူးစမ်းမှုလုပ်နေသော မြန်မာစစ်တပ်အရာရှိတဦး မိုင်းထိမှန်သေဆုံးကြောင်း သတင်းရရှိသည်။[67] နယ်စပ်စခန်း အမှတ်(၃)မှစ၍ ဒေသအတွင်းမိုင်းရှင်းလင်းရေးလုပ်ရာတွင် ဘင်္ဂလားဒေ့ရှ်လူမျိုးနှစ်ဦးအပါအဝင်ရွာသားများအား မိုင်းကွင်းများပေါ် ကျွဲနွားများကိုအတင်းအကြပ်ဖြတ်မောင်းစေသည်။ ထို့ကြောင့် ကျွဲနွားများစွာသေကြေမှုဖြစ်ခဲ့ရသည်။ လူအသေအပျောက်နှင့်ပတ်သက်၍ မသိရှိရပေ။ ၂၀၀၂ခုနှစ်မေလအတွင်း ဖါးပွန်ခရိုင်တွင် မိုင်းထိ၍လူငါးဦးထိခိုက်ဒဏ်ရာရကြောင်း မြန်မာနိုင်ငံရှိ စိတ်ပိုင်းဆိုင်ရာကူညီစောင့်ရှောက်ရေးအသင်း(TCFB)က အစီရင်ခံသည်။[68]

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းပြဿနာရှိကြောင်း တခါကမျှဝန်ခံပြောကြားခြင်းမရှိပါပဲလျက် ထူးထူးခြားခြား မိုင်းထိခိုက်မှုအကြောင်း ၂၀၀၂ခုနှစ်အတွင်း မြန်မာ့အစိုးရသတင်းများတွင်ထုတ်ဖေါ်တင်ပြခဲ့သည်။ အသက် ၁၃နှစ်အရွယ် အမျိုးသမီးငယ်တဦးအကြောင်း မှတ်တမ်းရိုက်ကူးထားသောသတင်းလွှာတခုကို မြန်မာ့ရုပ်မြင်သံကြားက ပြသခဲ့သည်။ ထိုအမျိုးသမီးငယ်မှာ ချင်းအမျိုးသားတပ်မတော်မှထောင်ထားသောမိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဖေါ်ပြသော်လည်း ချင်းအမျိုးသားတပ်မတော်ကမူ ၄င်းတို့မိုင်းမဟုတ်ပဲ မြန်မာစစ်တပ်ကထောင်ထားသော မိုင်းဖြစ်ကြောင်း ပြန်လည်ငြင်းဆိုသည်။[69]

၂၀၀၃ခုနှစ်အတွင်း မိုင်းထိခိုက်မှုများဆက်ဖြစ်နေကြောင်းသိရှိရသည်။ ဇန်နဝါရီလအတွင်း ကရင်ပြည်နယ် ဘူးသိုမြို့နယ်အတွင်း ခရီးသွားနေသူခြောက်ဦး သစ်ပင်တွင်ချိတ်ဆွဲထားသောမိုင်းပေါက်ကွဲသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[70] မြန်မာနိုင်ငံတောင်ပိုင်းဒေသတွင် မိုင်းထောင်နေစဉ်အတွင်း မိုင်းလေးလုံးပေါက်ကွဲသဖြင့် ပေါ်တာနှစ်ဦးနှင့် စစ်သား ၁၀ ဦး အပါအဝင် မေလအတွင်း လူလေးဦးသေပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။[71]

အုန်းဖန်အနီး ထိုင်းမြန်မာနယ်စပ် မြန်မာနိုင်ငံအတွင်းဖက်တွင် ၂၀၀၃ခုနှစ် ဇန်နဝါရီလအတွင်း ၂၃နှစ်အရွယ် ဆင်တကောင်မိုင်းနင်းမိပြီး ဒဏ်ရာရရှိခဲ့သည်။ ဖေဖေါ်ဝါရီလတွင် မယ်လမအနီး၌ ၂၆ နှစ်အရွယ်အခြားဆင်တကောင် မိုင်းထိခိုက်ဒဏ်ရာရမှု ဖြစ်ပွါးသည်။ ထိုဆင်နှစ်ကောင်စလုံးကို ထိုင်းနိုင်ငံမြောက်ပိုင်းရှိ Friends of Asian Elephants (FAE) ဆင်ဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိသည်။ ဆင်နှစ်ကောင်စလုံး ခြေထောက်တွင် ထိခိုက်ဒဏ်ရာရမှုပြင်းသော်လည်း အသက်ရှင်မည်ဟုယူဆရသည်။[72] ထိုဆင်ဆေးရုံမှ လွန်ခဲ့သောငါးနှစ်အတွင်း မိုင်းဒဏ်ရာရဆင်ရှစ်ကောင်ကို

---

[63] ဒေါက်တာ Eugenie d'Alessandro၊ ကွင်းဆင်းအရာရှိ၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့မှ ပေးပို့သော အီးမေး၊ မဲဆောက်၊ မတ်လ ၂၇ ရက်နေ့ ၂၀၀၃ခုနှစ်။

[64] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့မှပေးပို့သော အီးမေး၊ Christophe Tiers၊ အစီ အစဉ်ညွှန်ကြားရေးမှူး၊ မဲဆောက်၊ ဒီဇင်ဘာလ ၁၅ရက်နေ့၊ ၂၀၀၂ခုနှစ်။ ၂၀၀၂ခုနှစ်အတွင်း မဲဆောက် ဆေးရုံတွင် မိုင်းထိလူနာ ၆၈ဦးကို ကုသပေးခဲ့ရသည်။ ထိုအထဲမှာ၅ဦးမှာ အမျိုးသမီးများဖြစ်သည်။ ၂၀ ရာနှုန်းမှာ ထိုင်းလူမျိုးများဖြစ်ပြီး၊ ထိုင်းနယ်မြေထဲတွင် ထိခိုက်မှုဖြစ်ခြင်းဖြစ်သည်။

[65] ထိုင်းနိုင်ငံမသန်မစွမ်းသူများကူညီစောင့်ရှောက်ရေးအဖွဲ့အစည်းအဝေးတွင် တင်ပြချက်၊ ဘန်ကောက်၊ ဖေဖေါ်ဝါရီလ ၂၀၀၂ခုနှစ်။

[66] နယကနှင့် DKBA စစ်တပ်များ၏ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်ပတ်သက်၍ ကရင်အ မျိုးသားအစည်းအရုံး သတင်းထုတ်ပြန်ချက်မှတ်စဉ် ၆၀/၂၀၀၂၊ စက်တင်ဘာလ ၂၄ရက်၊ ၂၀၀၂ခုနှစ်။

[67] နေရင်ဇာရာသတင်းစဉ်၊ မောင်းတော၊ ဒီဇင်ဘာလ ၂၈ရက်နေ့၊ ၂၀၀၂ခုနှစ်။

[68] စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်း၊ "မြန်မာနိုင်ငံဆိုင်ရာ ၂၀၀၂ခုနှစ် အစီ ရင်ခံစာ"။

[69] မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်ချက်၊ မေလ ၂၈ရက်၊ ၂၀၀၂ခုနှစ်။

[70] ကရင်အိမ်ယာပျောက်နေသူများအားအကူအညီပေးရေးအဖွဲ့က မြေမြှုပ်မိုင်းလေ့လာစောင့် ကြည့်ရေးအဖွဲ့ထံ ပေးပို့သော ရက်စွဲမပါရှိသည့် အစီရင်ခံစာ၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၂ရက်၊ ၂၀၀၃ခုနှစ်။

[71] မြန်မာနိုင်ငံ၌မိုင်းပေါက်ကွဲဖြစ်ရာလူလေးဦးသေ၊ ရှစ်ဦးဒဏ်ရာရရှိခြင်း၊ *Associated Press* ၊ မေ လ ၂၆ရက်၊ ၂၀၀၃ခုနှစ်။

[72] ၂၀၀၃ခုနှစ် ဧပြီလအတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ထိုဆင်ဆေးရုံသို့ သွားရောက်လေ့လာခဲ့သည်။ ထိုဆေးရုံသည် တသီးပုဂ္ဂလအလှူရှင်များ၏ အလှူငွေနှင့်လည်ပတ်လျက်ရှိသည်။ ၁၉၉၉ခုနှစ်က မိုင်းထိခိုက်မှုဖြစ်ပြီး *၂၀၀၀ ခုနှစ်မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ* တွင်ဖေါ်ပြထားသည့် ဆင်မလေးမော်တာလာမှာ ထိုဆေးရုံတွင်ရှိနေဆဲဖြစ်သည်။ မော်တာလာအား ဆေးဝါးကုသမှုအတွက် ဘတ်ငွေနှစ်သန်း(အမေရိကန်ဒေါ်လာ ၄၆ ၅၀၀)ခန့် ကုန်ကျခဲ့သည်။

ဆေးဝါးကုသမှုပေးခဲ့သည်။ ထိုဆင်အားလုံး မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင်းနင်းမိခြင်းဖြစ်ပြီး ခုနစ်ကောင်မှာ အသက်ရှင်လျက်ရှိသည်။ အခြားဆင်များမှာ ဆေးကုသမှုမရရှိမှီ သေဆုံးသွားကြသည်။ မိုင်းထိဆင်သုံးကောင်အား ကုသပေးရသောစရိတ်မှာ တလလျှင် ဘတ် ၁၀၀ ၀၀၀ (အမေ ရိကန်ဒေါ်လာ ၂၃၀၀) ခန့်ဖြစ်သည်။[၅၃]

*အသက်မသေကျန်ရစ်သောမိုင်းဝေဒနာရှင်များအားကွတ်မျက်မှု*

ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တွင် မိုင်းထိမှန်၍ အသက်မသေကျန်ရစ်သော စစ်သားနှင့်အရပ်သားများကို ကွတ်မျက်ခဲ့ကြောင်း ယုံကြည်စိတ်ချရသည့်သတင်းများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က စုံစမ်းသိရှိရသည်။ မျက်မြင်သက်သေများအဆိုအရ ထိုကွတ်မျက်မှုများကို နစက အရာရှိများက လုပ်ဆောင်သည်ဟုသိရသည်။[၅၄] အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် သုံးပွင့်ဆိုင်နယ်စပ်အနီး မိုင်းကွင်းများပေါ်တွင် ဖြတ်ရောက်ရန် ဖိအားပေးခံရသော ကူမီးအနွယ်ဝင် သက်ကြီးရွယ်အိုပေါ်တာတဦး မိုင်းထိမှန်ပြီး ကူညီကြပါရန်အော်ဟစ်မေတ္တာရပ်ခံနေစဉ် သတ်ပစ်ခံလိုက်ရသည်။ မိုင်ထိပြီး အပြင်းအထန်ဒဏ်ရာ ရခဲ့သောစစ်တပ်ဆေးမှူးကိုပင် ရှင်းပစ်ခဲ့ဘူးသည်။ နယ်စပ်ဒေသများတွင် မိုင်းဝေဒနာရှင်များအား ကုသပေးရန်ဆေးဝါးမလုံလောက်မှုကို အကြောင်းပြု၍ ထိုသို့ရှင်းလင်းသတ်ဖြတ်ခြင်းမျိုးလိုအပ်ကြောင်း နစက များကပြောသည်။

## အသက်ရှင်ကျန်ရစ်သူများအတွက် အကူအညီ

ဆေးဝါးကုသမှုရရှိရေးမှာ မိုင်းထိခိုက်မှုဖြစ်ပြီးချိန်မှစ၍ မိုင်းဝေဒနာရှင်အနေဖြင့် ၁၂ နာရီခံနိုင်သောအခြေအနေ ရှိမရှိအပေါ်တွင်မူတည်သည်။ အများအားဖြင့် မိုင်းထိပြီး ၁၂ နာရီကြာပြီးမှသာ ပထမဦးဆုံးဆေးကုသမှုရရှိကြသည်။ အရေးပေါ်ကုသမှုခံယူပြီးပါက မိုင်းဝေဒနာရှင်အနာရှင်အများစု ထိုင်းနိုင်ငံရှိဆေးရုံများတွင် ဆေးရုံတက်ကြရသည်။[၅၅] မိုင်း ထိခိုက်မှုအပါအဝင် စစ်ပွဲထိခိုက်ဒဏ်ရာရမှုများနှင့် ဖျားနာမှုများကို ကုသပေးရေးနှင့်ပတ်သက်၍ တိုးမြှင့်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် စစ်နယ်မြေများမှ ကျန်းမာရေးဌာနများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ၂၀၀၂ခုနှစ်အတွင်း ထောက်ပံ့ကူညီမှုများပေးခဲ့သည်။ ဆေးကရိယာနှင့် အထောက်အကူပြုပစ္စည်းများကို ရှမ်းပြည်အရှေ့ပိုင်းဆေးရုံ သုံးခုနှင့် ကရင်ပြည်နယ်အတွင်းမှ ဆေးရုံတခုထံပို့ဆောင်ပေးခဲ့သည်။ ဆေးရုံခြောက်ခုကို ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ပြီး၊ မွန်ပူအွန်တွင် ကျန်းမာရေးဌာနတခုတည်ဆောက်ခဲ့သည်။ ထိုင်းနှင့်မြန်မာနိုင်ငံအတွင်း စစ်ပွဲကြောင့်ထိခိုက်ဒဏ်ရာရမှုများ ကုသရာတွင် ကုန်ကျစရိတ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှ ကူညီပေးသည်။[၅၆]

မြန်မာမိုင်းဝေဒနာရှင်များအနေဖြင့် အထောက်အပံ့အကူအညီများကို ပြည်သူ့ကျန်းမာရေးစနစ်၊ အစိုးရနှင့်မပတ်သက်သောဌာနများနှင့် အိမ်နီးချင်းနိုင်ငံများ စသောနည်းလမ်းသုံးခုဖြင့်ရရှိကြသည်။ မိုင်းထိခိုက်ခံရသူအများအပြား အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်ခိုလှုံနေကြသဖြင့် သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ အလွယ်တကူထွက်ခွါနိုင်သော သူပုန်ထိမ်းချုပ်နယ်မြေများတွင်နေထိုင်ကြသဖြင့် ထိုနိုင်ငံများတွင် အကူအညီများရယူနိုင်ကြသည်။

*မြန်မာနိုင်ငံအတွင်းမှ မိုင်းဝေဒနာရှင်များအားအကူအညီပေးရေးအစီအစဉ်*

ဆေးဝါးကုသမှုစနစ်ကိုဥပက္ခာပြုမှုနှင့် ဆင်းရဲနွမ်းပါးမှုများကြောင့် မြန်မာနိုင်ငံအတွင်း မိုင်းဝေဒနာရှင်များအား ဆေးဝါးကုသပေးမှုမှာ အနိမ့်ဆုံးအဆင့်ကိုရောက်နေသည်။[၅၇] မြေမြှုပ်မိုင်းဝေဒနာရှင်တချို့နှင့် တွေ့ဆုံမေးမြန်းချက်များအရ စစ်သားမိုင်းဝေဒနာရှင်များက သာမန်အရပ်သားဝေဒနာရှင်များထက် ပို၍ကောင်းမွန်သောကုသမှုရရှိသည့်အပြင် အလုပ်ရရှိရန်လည်း ပို၍အခွင့်အလမ်းကောင်းကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံအတွင်း၌ မြေမြှုပ်မိုင်းဝေဒနာရှင်များအတွက် ရုပ်ပိုင်းဆိုင်ရာပြန် လည်ပြုစုပျိုးထောင်ရေးနှင့် ခြေတုလက်တုဖြန့်ဝေခြင်းကို အမျိုးသားပြန်လည်နလံထူရေးဌာနများ(NRC)မှတဆင့် လုပ်ဆောင်ပေးလျက်ရှိသည်။ ဌာနခြောက်

---

[၅၃] ဆင်ဆေးရုံမှပေးပို့သော အီးမေး၊ ဧပြီလ ၇ ရက်နေ့ ၂၀၀၃ခုနှစ်။

[၅၄] နယ်စပ်ကုန်သည်များ၊ နယ်စပ်မှရွာသားများ၊ မိုင်းထိခိုက်ခံရသူများ၏ဆွေမျိုးသားချင်းများနှင့် ကုလသမဂ္ဂအရာရှိများက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ အစီရင်ခံတင်ပြချက်များ၊ နစက ဆိုသည်မှာ လုံခြုံရေးအင်အားစုများအတွက် အတိုကောက်အခေါ်ဖြစ်သည်။ နယ်စပ်တင်းမာမှုများ လျှော့ချရန်ရည်ရွယ်၍ ထိုအင်အားစုများကို ဘင်္ဂလားဒေ့ရှ်နှင့် ညှိနှိုင်းသဘောတူ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

[၅၅] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ်အစီရင်ခံစာ*တွင်ရှု၊ စာမျက်နှာ ၆၃၂။

[၅၆] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ "၂၀၀၂ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ"၊ စာမျက်နှာ ၁၅၉။

[၅၇] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ အထူးအစီရင်ခံစာ၊ "မြန်မာနိုင်ငံမှစစ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်"၊ ဩဂုတ်လ ၂၀၀၂ခုနှစ်။

ခုတွင် ခြေတုလက်တုဖြန့်ဝေခြင်းနှင့်ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က NRC နှင့်ပူးတွဲဆောင်ရွက်လျက်ရှိသည်။ ထိုဌာနများထဲမှနှစ်ခုမှာ ကာကွယ်ရေးဝန်ကြီးဌာနကြီးကြပ်မှုအောက်တွင်ရှိပြီး ကျန်လေးဌာနမှာ ကျန်းမာရေးကြီးဌာနလက်အောက်တွင်ရှိသည်။ ရန်ကုန်တွင် ဌာနနှစ်ခုရှိပြီး၊ မန္တလေး၊ မေမြို့၊ ဖါးအံနှင့် ရေနံ့သာတို့တွင် တခုစီရှိသည်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလက ကရင်ပြည်နယ်မြို့တော် ဖါးအံတွင်ဖွင့်လှစ်သော ဌာနသစ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် မြန်မာကြက်ခြေနီအဖွဲ့တို့က ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးတွဲတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာကြက်ခြေနီအဖွဲ့က ခြေတုလက်တုများစာရင်းမှတ်ပုံတင်ပြုလုပ်ကာ နယ်ရှိဖြန့်ဝေရေးဌာနများသို့ လွှဲပြောင်းပေးသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ကမူ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ခြေတုလက်တုတပ်ဆင်ရန်လိုအပ်သောအချိန်အတွင်း တည်းခိုနေထိုင်စရိတ်နှင့် အစားအသောက်ကုန်ကျစရိတ်များကို ကျခံပေးသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ခြေတုလက်တုတပ်ဆင်ပေးသူများအတွက် မွမ်းမံသင်တန်းများ၊ မန္တလေးဆေးရုံမှ အရိုးဘက်ဆိုင်ရာကုသပေးသူများအား ခြေတုလက်တုအကြောင်း သင်တန်းများစီစဉ်ပေးခဲ့သည်။[၅၈] ထိုဆေးရုံများတွင် ခြေတုလက်တုတပ်ဆင်သူများကို အခမဲ့ဆောင်ရွက်ပေးသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှာ မြန်မာနိုင်ငံအတွင်း ခြေတုလက်တုတပ်ဆင်သူများကို ကူညီပေးနေသည့် တခုတည်းသောအဖွဲ့အစည်းဖြစ်သည်။ ၂၀၀၂ခုနှစ်အတွင်း အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနများမှ ခြေတုလက်တု ၁၅၃၀ ဖြန့်ချီပေးခဲ့ပြီး ထိုအထဲမှ ၁၀၈၀ ခုမှာ မိုင်းဝေဒနာရှင်များ အတွက်ဖြစ်သည်။ ထို့အပြင် ဂျိုင်းထောက် ၄၃၇ စုံကိုလည်း ဖြန့်ဝေပေးခဲ့သည်။[၅၉]

မြန်မာနိုင်ငံမှ မသန်မစွမ်းသူများအတွက် သက်မွေးဝမ်းကျောင်းပညာသင်တန်းများကို အစိုးရမဟုတ်သောတသီးပုဂ္ဂလအဖွဲ့များက စီစဉ်ပို့ချပေးသည်။ ဂျပန်နိုင်ငံမှထောက်ပံ့ကူညီပေးရေးအဖွဲ့(AAR)အနေဖြင့် ဆံသနှင့်အကျီချုပ် သင်တန်းများ ၂၀၀၀ခုနှစ် မတ်လကတည်းက ပို့ချပေးလျက်ရှိရာ၊ လူ ၁၅၀ ကျော်သင်တန်းတက်ရောက်ပြီးဖြစ်သည်။ ထိုအထဲမှ ၂၀ မှာ မြေမြှုပ်မိုင်းဝေဒနာရှင်များဖြစ်သည်။ မြန်မာခရစ်ယန်အသင်း(MCC)အနေဖြင့် ပြည်နယ်နှင့်တိုင်းများတွင် မသန်းမစွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပုံမှန်လိုလိုစီစဉ်ပို့ချပေးလျက်ရှိရာတွင် သင်တန်းတက်ရောက်သူများထဲမှတချို့မှာ မိုင်းဝေဒနာရှင်များဖြစ်သည်။

### *အစိုးရမဟုတ်သောအဖွဲ့များ သို့မဟုတ် ပြည်တွင်းအိမ်မဲ့ယာမဲ့များအကြား မိုင်းဝေဒနာရှင် ကူညီစောင့်ရှောက်ရေး*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထိမ်းချုပ်ထားသည့် သို့မဟုတ် ဝင်ထွက်နိုင်သည့် နယ်စပ်ဒေသများတွင် အနည်းအကျဉ်းမျှသောကုသမှုများကို အစိုးရနှင့်မပတ်သက်သောအဖွဲ့များနှင့် တွဲဖက်နေသောဆေးအဖွဲ့များက လုပ်ဆောင်ပေးနိုင်သည်။ မွန်၊ ကရင်၊ ကရင်နီနှင့် ရှမ်းပြည်နယ်များတွင်းရှိ အစိုးရနှင့်မပတ်သက်သော အဖွဲ့များထိမ်းချုပ်ထားသည့် နယ်မြေများတွင် ကျောပိုးအိတ်ဆေးလုပ်သားများအဖွဲ့ကလည်း မိုင်းထိခိုက်မှုများအတွက် အရေးပေါ်ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သည်။[၆၀]

မြန်မာနိုင်ငံရှိ စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်း(TCFB)က စစ်ပွဲထိခိုက်ဒဏ်ရာရသူများအနေဖြင့်ဆေးရုံမတက်မီ ကြိုတင်ကုသမှုရရှိစေရန်ရည်ရွယ်၍ အထောက်အကူပြုလုပ်ဆောင်ပေးမည့်အစီအစဉ်တရပ်ကို နယက ထိမ်းချုပ်မှုမရှိသော သို့မဟုတ် ဝင်ရောက်နိုင်ခြင်းမရှိသောနယ်မြေများတွင် တည်ထောင်ပေးရန်လုပ်ဆောင်ခဲ့ဘူးသည်။ ၂၀၀၁ခုနှစ်မှစ၍ ၇၇၄ ဦး ကျေးရွာလူထု ကနဦးစောင့်ရှောက်ရေး(VFH) သင်တန်းများ တက်ရောက်ခဲ့ပြီးဖြစ်သည်။ ၂၀၀၂ ခုနှစ်အတွင်း စစ်ပွဲထိခိုက်ဒဏ်ရာရမှု ၅၂ ရာနှုန်းမျှ ကိုကျေးရွာလူထု ကနဦးစောင့်ရှောက်ရေးသင်တန်းဆင်းများက ပထမဦးဆုံး ကုသမှုပေးခဲ့ရကြောင်း၊ ၂၀၀၁ ခုနှစ်တွင် ၁၅ ရာနှုန်းသာရှိခဲ့ရာမှ ထိုသို့မြင့်တက်လာခြင်းဖြစ်ကြောင်း စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်း အစီရင်ခံချက်အရသိရသည်။ မြန်မာနိုင်ငံအတွင်း တိုက်ပွဲဖြစ်နယ်မြေများအတွင်း ဆေးမှူးများအတွက် အခြေခံအသက်ကယ်အထောက်အကူပြုသင်တန်းနှင့် အဆင့်မြင့်အသက်ကယ်အထောက်အကူပြုသင်

[၅၈] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ကိုယ်စားလှယ် Marcus Geisser နှင့်တွေ့ဆုံးမေးမြန်း ခြင်း၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ၊ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၀၂ခုနှစ်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ၂၀၀၂ ခုနှစ်အစီရင်ခံစာ၊ စာမျက်နှာ ၁၅၉၊ ဖါးအံဌာနကို ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် တရားဝင်ဖွင့်လှစ်သည်။

[၅၉] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်နလံထူရေးအစီအစဉ်၊ "၂၀၀၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ"။

[၆၀] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ခုနှစ် အစီရင်ခံစာ*၊ စာမျက်နှာ ၄၈၀ နှင့် *၂၀၀၀၂ ခုနှစ် အစီရင်ခံစာ*၊ စာမျက်နှာ ၆၃၃ တွင်ရှု။

တန်းများကိုလည်း စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်းက စီစဉ်ပို့ချပေးခဲ့သည်။ ၂၀၀၁ခု နှစ်မှစ၍ ၃၉၇ဦး အခြေခံအဆင့်သင်တန်းတက်ရောက်ခဲ့ပြီး၊ ၄၁ဦးမှာ အဆင့်မြင့်သင်တန်း များ တက်ရောက်နိုင်ခဲ့သည်။[၆၁]

ဆေးဝါးကုသမှုရရှိရေးမှာ လိုအပ်သောအချိန်အတွင်း ဒေသအတွင်း၌ဆေးဝန် ထမ်းများရှိမရှိဆိုသည့်အပေါ်တွင် မူတည်သည်။ ပြည်တွင်းစစ်နှင့် ပထဝီအနေအထားခက်ထန်ကြမ်းတမ်းမှုများကြောင့် သင်တန်းဆင်းဆေးမှူးများ လိုအပ်သောနေရာများသို့ရောက်ရှိရေးမှာ အလွန်ပင်ခက်ခဲသည်။ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ ထိမ်းချုပ်ထားရာ နယ်မြေများတွင် မြေမြှုပ်မိုင်းများထောင်ထားသဖြင့် ထိုင်းမြန်မာနယ်စပ်ရှိဒုက္ခသည်များကို အကူအညီပေးနေသောနိုင်ငံ တကာမှတသီးပုဂ္ဂလ NGO အဖွဲ့များ နယ်စပ်ကျော်ဖြတ်၍ ဆေးကုသရေးလုပ်ငန်းဆောင်ရွက်ခြင်းမပြုနိုင်ပေ။[၆၂]

ကရင်ပြည်နယ်၊ ကိုးခေးဒေသတွင် ကရင်ပြည်တွင်း၌အိုးမဲ့အိမ်မဲ့ဖြစ်နေသူများအား အကူအညီပေးနေသောအဖွဲ့က ခြေတုလက်တု ထုတ်လုပ်ရေးဌာနတခု တည်ထောင်ထားသည်။ ၂၀၀၂ခုနှစ်အတွင်း ခြေတုလက်တု ၂၉ ဦးကို တပ်ဆင်ပေးခဲ့ရပြီး၊ ထိုသူများအားလုံး မှာမြေမြှုပ်မိုင်းဒဏ်ရာရသူများဖြစ်သည်။[၆၃] ကျောပိုးအိတ်ဆေးလုပ်သားများအဖွဲ့(BPHWT) ကဲ့သို့သောဆေးမှူးများက မိုင်းထိလူနာများကို အဆိုပါခြေတုလက်တုထုတ်လုပ်ရာအလုပ်ရုံထံ ဆက်လက်လွှဲပြောင်းပေး သည်။

### *အိမ်နီးချင်းနိုင်ငံများတွင်ရရှိသော မြန်မာနိုင်ငံမိုင်းဝေဒနာရှင်များအတွက် အကူအညီ*

ပြည်တွင်း၌လုံခြုံရေးကင်းမဲ့မှုနှင့် ဆေးဝါးကုသမှုမရရှိနိုင်သောအခြေအနေများကြောင့် မြန်မာနိုင်ငံသားတချို့ အိမ်နီးချင်းနိုင်ငံများတွင်ဆေးကုသမှုခံယူကြရသည်။ ထိုင်းမြန်မာနယ်စပ်အနီးမှ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များ အဖွဲ့(RSF)၊ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ(IRC)၊ အမေရိကန်ဒုက္ခသည်ကော်မတီ(ARC)၊ နိုင်ငံတကာ ဆေးဝါးအကူအညီပေးရေးအဖွဲ့(AMI)၊ ဂျာမန်ဆေးဝါးကူညီပေးရေးအဖွဲ့(MHD)တို့အားလုံးသည် ၎င်းတို့ကူညီပေးနေသော ဒုက္ခသည်စခန်းများမှ ဆေးခန်းများသို့ရောက်လာသောမိုင်းထိလူနာများကို ထိုင်းနိုင်ငံတွင်ဆေးဝါးကုသမှုခံယူရန် ဆက်လက်လွှဲပြောင်းပေးကြသည်။ ၂၀၀၂ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က အခြားတသီးပုဂ္ဂလ အဖွဲ့သုံးခုဖြစ်သော AMI ၊ IRC ၊ MHD တို့နှင့်ပေါင်း၍ ဒုက္ခသည်စခန်းများတွင် စစ်ပွဲဒဏ်ရာရသူများ အကူအညီပေးရေးအစီအစဉ်တရပ် ချမှတ်လုပ်ဆောင်ခဲ့သည်။ ထိုအစီအစဉ်အရ စစ်ပွဲထိခိုက်ဒဏ်ရာရသူများ ထိုင်းနိုင်ငံတွင်ဆေးဝါးကုသစရိတ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က တာဝန်ယူပေးသည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လူနာ ၂၀ကို ဆေးဝါးကုပေးခဲ့ရာ ၇၅ ရာနှုန်းမှာ မိုင်းထိလူနာများဖြစ်သည်။[၆၄]

မြန်မာနိုင်ငံသားများအတွက် အလွယ်ဆုံးလက်လှမ်းမှီသော ထိုင်းနိုင်ငံမှဆေးရုံမှာ မဲဆောက်ဆေးရုံဖြစ်သည်။ ၂၀၀၂ခုနှစ်အတွင်း မိုင်းထိလူနာ ၆၈ ယောက်ကိုကုသပေးခဲ့ရကြောင်း မဲဆောက်ဆေးရုံမှတ်တမ်းများအရသိရသည်။ ထိုအထဲတွင် ၈၀ ရာနှုန်းမှာ မြန်မာနိုင်ငံမှဖြစ်သည်။[၆၅] နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က ၂၀၀၂ခုနှစ်အတွင်း မိုင်းထိလူနာ ၄၇ ဦးကို ကုသမှုပေးခဲ့ပြီး၊ ထိုအထဲမှ ၉၆ ရာနှုန်းမှာ အမျိုးသားများဖြစ်သည်။ တဦးစီအတွက် ပျမ်းမျှကုန်ကျစရိတ်မှာ ၅၁၃ ဒေါ်လာ

---

[၆၁] စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်း၊ "မြန်မာနိုင်ငံ–ဆေးရုံမတက်မှီ အ သက်မသေကျန်ရစ်သူများအတွက် အကူအညီပေးရေးအစီအစဉ်နှင့် စိတ်ပိုင်းဆိုင်ရာစီမန်ခန့်ခွဲမှုသင်တန်း ၂၀၀၂ခုနှစ်အစီရင်ခံစာ"၊ စိတ်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ မေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ဒီဇင်ဘာလ ၃၁ရက်နေ့၊ ၂၀၀၂ခုနှစ်။ အခြေခံသင်တန်းမှာ ၅–၇ ရက်အထိ ကြာမြင့်ပြီး မြေမြှုပ်မိုင်းနှင့်စိတ်ပိုင်းဆိုင်ရာထိမ်းသိမ်းမှုများကို ပို့ချသည်။ အဆင့်မြင့်သင်တန်းများမှာ ကွင်းဆင်းဆေးဝန်ထမ်းအဖြစ် နှစ်နှစ်အတွေ့အကြုံရှိသူများအတွက် ပို့ချခြင်းဖြစ်ပြီး အဆင့်နှစ်ဆင့်ခွဲကာ သီတင်းနှစ်ပတ်ကြာမြင့်သည်။

[၆၂] အစည်းအဝေးတခုအတွင်း နယ်ခြားမဲ့ဆရာဝန်များအသင်းမှ အဖွဲ့ဝင်တဦးပြောကြားချက်၊ မတ်လ ၁၃ရက်၊ ၂၀၀၂ခုနှစ်။

[၆၃] ပြည်တွင်း၌အိုးမဲ့အိမ်မဲ့များအား ကူညီပေးနေသူတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၁ရက်၊ ၂၀၀၃ခုနှစ်။

[၆၄] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ကိုယ်စားလှယ် Marcus Geisser နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၀၂ခုနှစ်၊ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀၃၆၄ ဖြစ်ပြီး မိုင်းထိလူနာများအတွက်ကုန်ကျစရိတ်မှာ ၈၁၅၈ ဒေါ်လာဖြစ်သည်။

[၆၅] မဲဆောက်ဆေးရုံတွင် မိုင်းထိလူနာများအဖြစ် ၂၀၀၂ခုနှစ်တွင် ၆၈ဦး၊ ၂၀၀၁ခုနှစ်တွင် ၈၄ ဦး နှင့် ၂၀၀၀ခုနှစ်တွင် ၆၆ ဦးတို့ကို ကုသပေးခဲ့သည်။ လူနာဦးရေကျဆင်းလာရခြင်းအကြောင်းအရင်း၏ တစိတ်တပိုင်းမှာ ၂၀၀၂ခုနှစ်အတွင်း နှစ်နိုင်ငံနယ်စပ်အငြင်းပွါးမှုများဖြစ်ပြီး နယ်စပ်ဖြတ်ကူးလမ်းများ ပိတ်ထားခြင်းကြောင့်ဖြစ်သည်။ ၆၈ဦးအနက် ၅ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ၂၀ ရာနှုန်းမှာ ထိုင်းလူမျိုးများဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း၌ မိုင်းထိခြင်းဖြစ်ကြောင်းပြောသည်။ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအသင်း–ထိုင်းနိုင်ငံ၊ အစီအစဉ်ညွှန်ကြားရေးမှူး ခရစ္စတိုဖါ တီယာ ထံမှပေးပို့သော အီးမေး၊ ဒီဇင်ဘာလ ၁၅ရက်၊ ၂၀၀၂ခုနှစ်။

(၂၁၈၂၀ ဘတ်)ဖြစ်သည်။[၆၆] ၂၀၀၃ခုနှစ် ပထမသုံးလပတ်အတွင်း နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က မိုင်းထိလူနာ ၉ ဦးကုသပေးခဲ့သည်။[၆၇]

ထိုင်းနိုင်ငံရောက်ဒုက္ခသည်များအတွက် ထိုင်းနှင့်နိုင်ငံတကာ တသီးပုဂ္ဂလအဖွဲ့များက ခြေတုလက်တုများ ဆက်လက်ကူညီပံ့ပိုးပေးခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့–ထိုင်းနိုင်ငံက ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ခြေတုလက်တုအလုပ်ရုံလေးခု တည်ထောင်ပေးထားသည်။ ၂၀၀၂ခုနှစ်တွင် ဒုက္ခသည်စခန်း ၇ ခုတွင် ၁၃၇ ဦးကို ခြေတုလက်တုထောက်ပံ့ကူညီပေးခဲ့သည်။ ထိုအထဲမှ ၅၄ဦးမှာ အသစ်တပ်ဆင်သူများဖြစ်သည်။[၆၈]

ကရင်မသန်အစွမ်းသူများအသင်းက မယ်လဒုက္ခသည်စခန်း၊ မသန်မစွမ်းသူများ ပြန်လည်နလံထူရေးအသင်းက နိုပိုးဒုက္ခသည်စခန်းတို့တွင် စီစဉ်ပို့ချပေးနေသော အသက်မွေးဝမ်းကြောင်းပညာသင်တန်းနှစ်ခုရှိသည်။ ထိုသင်တန်းများတွင် ဖယောင်းတိုင်ထုတ်လုပ်ခြင်း၊ သိုးမွေးထည်ထိုးခြင်း၊ စက်ပြင်ခြင်း စသောအတတ်ပညာများ သင်ကြားပေးသည်။ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က ထိုသင်တန်းစီစဉ်ပို့ချပေးသောအဖွဲ့များကို ငွေရေးကြေးရေးထောက်ပံ့ပေးသည်။ မယ်တော်ဆေးခန်းတွင်လည်း မသန်မစွမ်းသူများအတွက် သိုးမွေးထည်ထိုးသင်တန်းပို့ချပေးသည်။ နည်းပြသုံးဦးမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။

အသိအမှတ်ပြုထားသော ဒုက္ခသည်စခန်းတခုခုတွင်နေထိုင်ခြင်းမရှိလျှင် ထိုင်းနိုင်ငံရောက် မြေမြှုပ်မိုင်းဝေဒနာရှင်များအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများမရရှိနိုင်ပေ။ မြန်မာနိုင်ငံမှအလုပ်သမားများကို အဓိကအကူအညီပေးနေသော မယ်တော်ဆေးခန်းအနေဖြင့် ၂၀၀၁ခုနှစ် ဧပြီလမှစ၍ ခြေတုလက်တုလူနာဆောင်တခု ဖွင့်လှစ်ခဲ့သည်။ ၂၀၀၂ခုနှစ်တွင် လူ ၁၅၀ကို ခြေတုလက်တုများ တပ်ဆင်ပေးခဲ့သည်။ ထို့အထဲမှ ၇၄ ရာနှုန်းမှာ မြေမြှုပ်မိုင်းဝေဒနာရှင်များဖြစ်ပြီး နယ်စပ်ပြည်နယ်လေးခုမှဖြစ်ကြသည်။ ၄၀ ရာနှုန်းမှာ ခြေတုလက်တုများကို ပထမဦးဆုံးအကြိမ်အနေဖြင့် လက်ခံရရှိခြင်းဖြစ်သည်။ ရှမ်းတိုင်းရင်းသား မိုင်းဝေဒနာရှင်သုံးဦးအနေဖြင့် မယ်တော်ဆေးခန်းက ဖွင့်လှစ်ထားသော ခြေတုလက်တုအလုပ်ရုံတွင် တနှစ်အလုပ်သင်အဖြစ်လေ့လာခဲ့ရာ ၂၀၀၃ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုသူများအားလုံး ရှမ်းပြည်နယ်ပြန်သွားပြီး ခြေတုလက်တုများပြန်လည်ထုတ်လုပ်ဖြန့်ဝေပေးကြမည်။ ၂၀၀၃ခုနှစ်တွင် ဆက်လက်ဖွင့်လှစ်မည့် အလားတူသင်တန်းအတွက် လူသုံးဦးရွေးချယ်ထားပြီး၊ နောက်ထပ်မရွေးချယ်ရသေးသူသုံးဦး စုစုပေါင်းခြောက်ဦးကိုလည်း ပို့ချသွားနိုင်ပေမည်။ ၂၀၀၂ခုနှစ်အတွင်း Clear Path International အဖွဲ့က ခြေတုလက်တုဌာနအတွက် ထောက်ပံ့ကူညီပေးခဲ့သည်။[၆၉]

၂၀၀၂ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ကျောပိုးအိတ်ဆေးလုပ်သားများအတွက် မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရသူများအား ကုသမှုပိုင်းဆိုင်ရာသင်တန်းတရပ်ကို အမေရိကန်ပြည်ထောင်စုမှ ဆေးဘက်ကျွမ်းကျင်သူများက မယ်တော်ဆေးခန်းတွင် ပို့ချပေးခဲ့သည်။ သင်တန်းတွင် မိုင်းဝေဒနာရှင်များ၏စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ကိုင်တွယ်ပုံ၊ ခြေတုလက်တုတပ်ဆင်ပေးပုံ စသည်တို့အကြောင်းပို့ချပေးခဲ့သည်။ စုစုပေါင်း ၃၅ဦးတက်ရောက်ခဲ့သည်။ Global Health Access Program မှ ထိုအလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ပေးသည်။[၇၀]

## မသန်မစွမ်းဆိုင်ရာပေါ်လစီနှင့်လက်တွေ့အကောင်အထည်ဖော်မှု

မြန်မာနိုင်ငံတွင် မသန်မစွမ်းသူများအား ကာကွယ်ပေးထားသည့်ဥပဒေမရှိပေ။ မသန်မစွမ်းသူများဆိုင်ရာ ပေါ်လစီရှိကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြောကြားဘူးသည်။ သို့သော် မသန်မစွမ်းသူများကို ပြုစုစောင့်ရှောက်ပေးနေသောဌာနများမှ တာဝန်ရှိသူများပင် ထိုပေါ်လစီအသေးစိတ်အကြောင်းမရှင်းပြနိုင်ကြပေ။ မြန်မာနိုင်ငံမှ မ

---

[၆၆] နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ ကွင်းဆင်းအရာရှိ ဒေါက်တာ Eugenie d'Alessandro ထံမှ ပေးပို့သော အီးမေး၊ မတ်လ ၂၇ရက်၊ ၂၀၀၃ခုနှစ်။ ထိုကိန်းဂဏန်းမှာ ၂၀၀၁ ခုနှစ်အတွင်း မိုင်းထိလူနာ ၄၃ ဦးရှိခဲ့ရာမှ အရေအတွက်တိုးလာခြင်းဖြစ်သည်။

[၆၇] စစ်ပွဲဒဏ်ရာရသူ ၁၁ဦးအနက် ၉ဦးမှာ မိုင်းထိလူနာများဖြစ်သည်။ အခြားနှစ်ဦးမှာ သေနတ်ဒဏ်ရာ ရသူများဖြစ်သည်။ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ ကွင်းဆင်းအရာရှိ ဒေါက်တာ Eugenie d'Alessandro ထံမှပေးပို့သော အီးမေး၊ မတ်လ ၂၇ရက်၊ ၂၀၀၃ခုနှစ်။

[၆၈] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့–ထိုင်းနိုင်ငံ၊ ဆက်သွယ်ဆောင်ရွက်ရေးမှူး Shushira Chonhenchob ထံမှပေးပို့သော အီးမေး၊ မေလ ၆ ရက်၊ ၂၀၀၃ခုနှစ်။

[၆၉] မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်း နိုင်ငံ၊ မတ်လ ၂၁ရက်၊ ၂၀၀၃ခုနှစ်၊ ခြေတုလက်တုဌာန၊ သင်တန်းနှင့် ခြေတုလက်တုတပ်ဆင်သူများ နေ ထိုင်ရန်ဆောင်အတွက် Clear Path International အဖွဲ့က ၂၂၂၅၀ ဒေါ်လာ ထောက်ပံ့ကူညီပေးခဲ့သည်။

[၇၀] "Global Health Access Program သတင်းထုတ်ပြန်ချက်၊ ထိုင်းနှင့်မြန်မာ"၊ နိုဝင်ဘာလ ၂၀၀၂ခုနှစ်၊ (ဇွန်လ ၂၀ ရက်၊ ၂၀၀၃ ခုနှစ်အထိ) www.ghap.org တွင် ဖတ်ရှုနိုင်သည်။

သန်မစွမ်းသူများကိုကူညီပေးမည့် အစီအစဉ်တရပ်ကို အပြည်ပြည်တိုင်ရာမသန်မစွမ်းသူများအဖွဲ့–ထိုင်းနိုင်ငံက ကမကထပြုလျက်ရှိသည်။ ၂၀၀၂ခုနှစ် ဖေဖေါ်ဝါရီလ ၂၀–၂၂ ရက်နေ့များတွင် ပထမဦးဆုံးသော မသန်မစွမ်းသူများနှင့် လုပ်ကိုင်နေသူများအတွက် ဦးဆောင်မှုဆိုင်ရာနှီးနှောဖလှယ်တရပ်ကို ရန်ကုန်တွင်ကျင်းပပေးခဲ့သည်။ ထိုအတွက် ဂျပန်နိုင်ငံအဖွဲ့အစည်းတခုက ကူညီပေးသည်။ မသန်မစွမ်းသူများနှင့်ပတ်သက်သော ပေါ်လစီရှိမရှိနှင့်လက်တွေ့အကောင်အထည်ဖေါ်မှု ရှိမရှိ မသေချာသည့်အတွက် နှီးနှောဖလှယ်ပွဲအပြီးထုတ်ပြန်သောကြေညာချက်တွင် မသန်မစွမ်းသူများဆိုင်ရာဥပဒေတရပ်ပြဋ္ဌာန်းရန် အစိုးရကိုတိုက်တွန်းခဲ့သည်။[၇၁] ထိုအကြံပြုချက်အပေါ် အရေးယူဆောင်ရွက်မှု လုပ်မလုပ်နှင့်ပတ်သက်၍ မြန်မာအာဏာပိုင်များက တုံ့ပြန်ပြောဆိုခြင်းမရှိသေးပေ။

---

[၇၁] *မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ် အစီရင်ခံစာ တွင်ရှု၊ စာမျက်နှာ ၆၃၅။*